ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်

National Community Driven Development Project

**NCDDP**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



လီဝိုးကျေးရွာ ၊ ဆင်တောင်ကျေးရွာအုပ်စု

ဒီးမော့ဆိုမြို့နယ်

၂၀၁၈ ခုနှစ်


# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## လီဝိုးကျေးရွာ ၊ ဆင်တောင်ကျေးရွာအုပ်စု

### မာတိကာ



ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ........................................................................ ၁
**ဆင်တောင်အုပ်စုမြေပုံ**.................................................................................. ၂
**ဆင်တောင်အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း**....................................... ၃
ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ......................................................... ၃
ကျေးရွာသမိုင်းအကျဉ်းချုပ်............................................................................. ၄
ဥစ္စာခနေ ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း ........................................................ ၅
ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက် ........................................ ၅
ကျား/မ ပင့်ကူအိမ် ........................................................................................ ၇
အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ ..................................................................... ၉
အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက် .................................................. ၁၀
ရာသီခွင်ပြ ပြက္ခဒိန်........................................................................................ ၁၁
ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ.................... ၁၂
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ.............................. ၁၃
ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)........................................ ၁၄
ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)................................................ ၁၇
ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃) .................................... ၁၈
ကျေးရွာအစည်းအဝေးမှတ်တမ်းများ ................................................................. ၂၂
လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်............ ၂၃

# ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ



## ဆင်တောင်အုပ်စုမြေပုံ


ဆင်တောင်အုပ်စုမြေပုံ



## ဆင်တောင်အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | ဆင်တောင် | ၂၁၀ | ၅၂၅ | ၅၃၀ | ၁၀၅၅ |
| ၂ | လီဝိုး | ၃၆၁ | ၁၀၄၅ | ၁၀၁၄ | ၂၀၅၉ |
| ၃ | ကပ္ပာယ်ခူ | ၁၂၇ | ၂၈၃ | ၃၀၈ | ၅၉၁ |
| ၄ | ဝီးသဲကူးတောင် | ၆၄ | ၁၄၈ | ၁၄၈ | ၂၉၆ |
| ၅ | ဝီးသဲကူးမြောက် | ၁၁၉ | ၂၄၈ | ၂၃၃ | ၄၈၁ |
| စုစုပေါင်း | | ၈၈၁ | ၂၂၄၉ | ၂၂၃၃ | ၄၄၈၂ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ




*ပါဝင်ဆွေးနွေးသူ - ကျား (၄၅) + မ (၅၂) = (၉၇) ဦး*

လူမှုရေးနှင့် အရင်အမြစ်ပြမြေပုံ သုံးသပ်ချက်

လီဝိုးကျေးရွာသည် ဒီးမော့ဆို - မိုးဗြဲလမ်းမကြီးမှ ကပ္ပာယ်ခူကျေးရွာတွင် ခွဲထွက်ပြီးတောင်ခြေဘက်သို့ ( ၁ ) မိုင်ကျော်ကွားပြီးတည်ရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာနှင့်ထိစပ်သောရွာများသည် အရှေ့တောင်ဘက်တွင် ခူးပရာထူးရွာ နှင့် ဆင်တောင်ရွာ ၊ မြောက်အရပ်တွင် ရှမ်းနယ်စပ်ရွာများနှင့်ထိစပ်နေပါသည်။ ကျေးရွာ၏အနောက်ဘက်တွင် တောင်တန်းများ ၊ ယာခင်းများ နှင့် အရှေ့ဘက်တွင်လယ်ကွင်းများရှိပါသည်။ ထိုအရင်းအမြစ်များကိုအသုံးပြုပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ စပါး ၊ ပြောင်း ၊ နှံစားပြောင်း နှင့် မြေပဲစသည်တို့ကို အဓိကစိုက်ပျိုးကြပါသည်။ လီဝိုးကျေးရွာသည်တောင်ခြေကုန်းမြင့်နေရာတွင် တည်ရှိသောကြောင့် နွေရာသီအချိန်တွင် အုပ်စုတွင်းတွင်ရေအရှားဆုံးရွာဖြစ်ပါသည်။ ရေရှာပါးပြဿနာကိုဖြေရှင်းရန် (အင်န် ဂျီ အို) အဖွဲ့အစည်းမှ ရေပိုက်သွယ်ခြင်းကိုပြုလုပ်ပေးသော်လည်းဘဲ ကျေးရွာတစ်ဖြည်းဖြည်းပိုမိုကြီးမားလာသောကြောင့် လူရှားပါးမှုပြဿနာကိုရင်ဆိုင်ရဆဲဖြစ်ပါသည်။ ကျေးရွာ၏လမ်းများသည် အစိုးရချပေးသော ရွာချင်းဆက်လမ်း နှင့် လူထုဗဟိုပြုစီမံကိန်းပထမနှစ် စက်ဝန်းလမ်းမှ လွှဲ၍ ကျန်လမ်းများသည် ကျေးရွာကိုယ်ထူကိုယ်ထကျောက်များဖြင့်ခင်းထားသော်ငြားလည်း လမ်းအများစုသည်မြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းတွင်သွားလာရခက်ခဲပါသည်။ အုပ်စုတွင်းတွင် လီဝိုးကျေးရွာသည် ရွာအကြီးဆုံး လူဦးရေအများဆုံးဖြစ်သောကြောင့် ကျောင်းသားဦးရေလည်းများသောကြောင့် အလယ်အဆင့်ကျောင်းဆောင်များလိုအပ်လျက်ရှိနေသည်ကိုသိရပါသည်။ ကျေးရွာတွင်းတွင် ဆေးခန်းရှိသော်လည်း ဆေးဝါးလုံလောက်မှုမရှိသောကြောင့် ကျန်းမာရေးဝန်ဆောင်မှု ပြည့်ဝစွာလက်လှမ်းမီမှု မရှိပ။ါ အဓိကနေထိုင်သောလူမျိုးသည် ကယန်းလူမျိုးများဖြစ်ပြီး ခရစ်ယာန်ဘာသာ ကိုယုံကြည်ကိုးကွယ်ကြပါသည်။


မှတ်တမ်းတင်သူ -ဦးခင်မောင်တာရီ

## ကျေးရွာသမိုင်းအကျဉ်းချုပ်

လီဝိုးကျေးရွာကို ၁၉၀၁ ခုနှစ်တွင် ကယန်းလထာမျိုးနွယ်စုမှ ဦးလမဲ နှင့် ဒေါ်လခူ တို့မှစတင်တည်ထောင်ခဲ့ပါသည်။ ၎င်း ဦးလမဲ နှင့် ဒေါ်လခူ ကိုအကြောင်းပြု၍ ( လမဲ့ခေါ့ရွာ ) ဟုယခင်ကခေါ်တွင်ခဲ့ပါသည်။ လီဝိုး ဟုအမည်ပြောင်းလဲခေါ်ဆိုရခြင်းမှာ အဆိုပါအချိန်ကာလသည် မင်းမဲ့စရိုက်ဆန်သောအချိန်ကာလဖြစ်၍ ရှမ်းလူမျိုးများသည် နွားများကို ထိန်းကျောင်းမှု မရှိသည့်အတွက် ကျွဲ ၊ နွားများသည် ယာခင်းထဲသို့မကြာခဏဝင်ရောက်ချက်ဆီးမှုကြောင့်ရွာမှ မကျေနပ်ပဲ နွားများကို ဖမ်းပြီးလျှာဖြတ်သတ်ခဲ့သောကြောင့် ရှမ်းဘာသာစကားဖြင့် ( လင့်ပ်ဝိုး) မှ လီဝိုးရွာ ဟုယနေ့ထိ ခေါ်တွင်ခဲ့ပါ သည်။

လီဝိုးကျေးရွာ၏ ဘာသာရေးဆိုင်ရာ နောက်ခံသမိုင်း အကျဉ်းမှာ ဦးဟိုက် + ဒေါ်မရွယ် ၊ ဦးဟောင်း+ဒေါ်မူနောင် ၊ ဦးမူရီ + ဒေါ်မူစ ၊ ဦးမိုင်း + ဒေါ်မူခု တို့သည်ကယန်းရိုးရာအယူအဆအရအမျိုးမညီဘဲ အိမ်ထောင်ပြုခဲ့ကြသူများ ဖြစ်သောကြောင့် ကက်သလစ်ဘာသာဝင်သို့ ကိုးကွယ်ယုံကြည်လာကြပါသည်။ ထိုနောက်ပိုင်းတွင် တစ်ရွာလုံး ကက်သလစ်ဘာသာဝင် ကိုယုံကြည်ကိုးကွယ်လာကြပါသည်။မှတ်တမ်းတင်သူ - ဦးမိုးသိန်းလွင်

## ဥစ္စာခန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း



| အဆင့် | သတ်မှတ်ချက်များ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ထော်လာဂျီ၊ ကား၊ လယ် (၁၀) ဧက၊ ခြံ (၁) ဧက၊ တိုက်အိမ်(၂)ထပ်၊ ဆိုင်ကယ်၊ ဆန်စက်ရုံ၊ ချွေစက်၊ ထွန်စက်၊ [illegible] | ၄ | ၁% |
| အလယ်အလတ် | ဆိုင်ကယ်၊ [illegible]၊ လယ် (၃) ဧက၊ ခြံ (၁) ဧက၊ [illegible] | ၅၀ | ၁၄% |
| ဆင်းရဲ | လယ်မရှိ၊ [illegible] | ၃၀၆ / ၂၈၀ | ၈၅% |
| စုစုပေါင်း | | ၃၄၄ / ၃၈၀ | ၁၀၀% |

*ပါဝင်ဆွေးနွေးသူ - ကျား (၄၅) + မ (၅၂) = (၉၇) ဦး*

### ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်

လီပိုးကျေးရွာတွင် ဥစ္စာခနအဆင့်သတ်မှတ်ချက်သတ်မှတ်ရာတွင် အဆင့် (၃) ဆင့်ရှိပါသည်။ ချမ်းသာအုပ်စု ၊ အလယ်အလတ်အုပ်စု ၊ ဆင်းရဲသောအုပ်စု အသီးသီးသတ်မှတ်ကြပါသည်။


ချမ်းသာသောအုပ်စုသည် အိမ်ထောင်စု (၄) စုရှိသည်။ ချမ်းသာအုပ်စု၏ စံသတ်မှတ်ချက်များ မှာ ထော်လာဂျီ ၊ ကား ၊ လယ် (၁၀) ဧက ၊ ခြံ(၁) ဧက ၊ တိုက်အိမ်(၂)ထပ် ၊ ဆိုင်ကယ် ၊ ဆန်စက်ရုံ ၊ ချွေစက် နှင့် ထွန်စက် စသောဥစ္စာပစ္စည်းများကိုပိုင်ဆိုင်ရသောအိမ်ထောင်စုများဖြစ်ပါသည်။ ချမ်းသာ အုပ်စု၏ အဓိကလုပ်ကိုင်သောလုပ်ငန်းမှာ အများနည်းတူ လယ်ယာလုပ်ငန်းကို အဓိက လုပ်ကိုင်စား သောက်ကြပါသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး ၊ ပြောင်း နှင့် ပဲစိမ်းငုံ စသည်တို့ဖြစ်ပါသည်။ အ ရင်းအနှီး နှင့် အရင်းအမြစ် ပိုရှိသော ကြောင့်အခြား အိမ် ထောင် စုများထက် ပိုမိုချမ်းသာကြွယ်ဝကြ ပါသည်။

အလယ်အလတ်အုပ်စုသည် အိမ်ထောင်စု (၅၀) စုရှိပါသည်။ အလယ်အလတ်အုပ်စု၏ စံသတ် မှတ်ချက်မှာ ဆိုင်ကယ် ၊ ကိုင်းရှည် ၊ လယ် (၃) ဧက ၊ ခြံ (၁) ဧက နှင့် တိုက်ပုအိမ် စသည်တို့ဖြစ်ပါသည်။ အဓိကလုပ်ကိုင်သောလုပ်ငန်းမှာ ချမ်းသာအုပ်စုနည်းတူ လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်စားသောက်ကြပါသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး ၊ ပြောင်း နှင့် ပဲစိမ်းငုံ စသည်တို့ဖြစ်ပါသည်။ သို့သော်ချမ်းသာသော အိမ်ထောင်စုများအောက်အရင်းအနှီး နှင့် အရင်းအမြစ် ပိုနည်းသောကြောင့်အလယ်အလတ်အဆင့်သာ ရပ်တည်ရပါသည်။

ဆင်းရဲသောအုပ်စုတွင် အိမ်ထောင်စု (၁၀၆) စုရှိပါသည်။ ဆင်းရဲသော အုပ်စု၏ စံသတ်မှတ် ချက်မှာ လယ်မရှိ ၊ ဝါးထရံအိမ်(သက်ကယ်မိုး) နှင့် နေအိမ်အတွက်ခြံကွက် ဖြစ်ပါသည်။ အဓိကလုပ် ကိုင်သောလုပ်ငန်းမှာ ကြုံရာကျပန်းလုပ်ငန်းဖြစ်သော စပါးရိတ် ၊ ငရုပ်သီးခူး ၊ အခြားမှာအလုပ်သွား လုပ် ၊ လွှဆွဲ နှင့် လက်ဖက်ခူး စသည်တို့ဖြစ်ပါသည်။ အရင်းအနှီး နှင့် အရင်းအမြစ်မရှိသောကြောင့် နေ့စားလိုက်ပြီး လုပ်ကိုင်စားသောက်ရသောကြောင့် အခြား အိမ်ထောင်များနှင့်ပိုဆင်းရဲရခြင်းဖြစ်ပါ သည်။

မှတ်တမ်းတင်သူ -ဦးခင်မောင်တာရီ

ကျား/မ ပင့်ကူအိမ်



ပါဝင်ဆွေးနွေးသူ - ကျား (၄၅) + မ (၅၂) = (၉၇) ဦး

ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်

ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍတွင် အမျိုးသားနှင့်အမျိုးသမီးတူညီကြသော်လည်း ဝင်ငွေရရှိမှုတွင် အမျိုးသမီးများနည်းနေပါသည်။ သို့သော် ဝင်ငွေရရှိမှုတွင် အရင်နှစ်ထက်အနည်းတိုးတက်လာသည်ကိုတွေ့ရသည်။

အိမ်တွင်းမှုကဏ္ဍတွင်အမျိုးသမီးများသည်အမျိုးသားများထက် ပိုမိုလုပ်ဆောင်နေရသေးသည်ကိုတွေ့ရပါသည်။ ထို့ကြောင့်လွတ်လပ်မှု တွင်အမျိုးသားများထက် နည်းပါးရပါသည်။ အမျိုးသားများလည်းအိမ်တွင်းမှုကဏ္ဍပိုင်းတွင် အရင်တွေထက်တိုးတက်လာ သည် ကိုတွေ့ရပါသည်။ အမျိုးသမီးများလုပ်ဆောင်မှု၏ ၅၀ % အထိတိုးတက်လာပါသည်။

ဦးဆောင်မှုကဏ္ဍတွင်အမျိုးသားများသည်အပြည့်အဝနေရာယူထားသည်ကိုတွေ့ရပါသည်။ အမျိုးသမီးများသည်လည်း အဆင့် (၃) မှ အဆင့် (၅) သို့ တိုးတက်လာသည်ကိုတွေ့ရပါသည်။ ခေတ်၏ပြောင်းလဲတိုးတက်မှုကြောင့် မိသားစုအတွင်းတွင်လည်းကောင်း၊ ရပ်ရွာအတွင်းတွင်လည်းကောင်း အမျိုးသမီးများလည်း ဦးဆောင်မှုကဏ္ဍတိုးတက်လာခြင်းဖြစ်ပါသည်။ အမျိုးသားများလည်းထိုနည်းလည်းကောင်းဘဲ အသိအမြင်ကျယ်လာသောကြောင့်အိမ်မှုကိစ္စပိုင်းတွင် အမျိုးသမီးများကိုကူညီလာကြပါသည်။

ကယန်းတိုင်း ရင်းသားများသည် အမွေခွဲရာတွင် မိရိုးဖလာ အစဉ်အလာအရ အမျိုးသမီးများကိုလုံးဝခွဲ ဝေပေးခြင်း မရှိပါ။ သို့သော်နောက်ပိုင်းတွင် အဆင်မိသားစုတွင် အမျိုးသမီးများကို လည်းခွဲ ဝေပေးလာပါသည်။ သို့သော် ဤကျေးရွာ၏ ဥစ္စာခနကြွယ်ဝမှုဇယားအရအဆင်မပြေသော အိမ်ထောင်စုသည်အဆင်ပြေသောအိမ်ထောင်များထက်အိမ်ထောင်စုအရေအတွက်များသောကြောင့်အမွေခွဲဝေရာတွင် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် အမွေရပိုင်ခွင့် ကဏ္ဍတွင် အမျိုးသမီးများ အမွေလုံးဝမရ သည်ကိုတွေ့ရပါ သည်။

မှတ်တမ်းတင်သူ -ဦးခင်မောင်တာရီ

## အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ




*ပါဝင်ဆွေးနွေးသူ - ကျား (၄၅) + မ (၅၂) = (၉၇) ဦး*

## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်

ရွာမိရွာဖအဖွဲ့သည် ကျေးရွာတွင်အုပ်ချုပ်ရေးမှူးအဖွဲ့နှင့်တန်းတူဩဇာအာဏာရှိသော အဖွဲ့ဖြစ်သည်။ ကျေးရွာအတွင်းဖြစ်ပျက်နေသောအရာဖြစ်စေ ၊ ကျေးရွာပြင်ပလာသော အစိုးရညွှန်ကြားချက်ဖြစ်စေ အဓိကပါဝင်အကြံဉာဏ်ပေးပြီး အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ဖြေရှင်းကြပါသည်။ အထူးသဖြင့် ဖြစ်သင့်ရာဖြစ်သင့်ကြောင်းကို အတိုင်ပင်ခံပြီး အကြံဉာဏ်ပေးသောအဖွဲ့လည်းဖြစ်ပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာတွင်းနှင့်ကျေးရွာပြင်ပကိုကြားခံပေါင်းကူးဆက်သွယ်ပေးသော အဖွဲ့ဖြစ်သည်။ ကျေးရွာတွင်ဖြစ်ပျက်သော အခက်အခဲပြဿနာများကို အုပ်စုအုပ်ချုပ်ရေးမှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့အကြောင်းကြားတင်ပြပေးပါသည်။ အစိုးရညွှန်ကြားချက်များကိုကျေးရွာသို့အစည်းအဝေးပြုလုပ်ပြီးအသိပေးပါသည်။ ကျေးရွာတွင်းရှိ ဘာသာရေး ၊ လူမှုရေးနှင့်NGO အဖွဲ့များအစည်းအဝေးပြုလုပ်ရန် အုပ်ချုပ်ရေးမှူးအဖွဲ့ကိုအကူအညီတောင်းလေ့ရှိပါသည်။ မူကြိုကော်မတီသည် မူကြိုကျောင်းနှင့်မူကြိုကလေးများအတွက် လိုအပ်ချက်များကို ဖြည်းဆည်းပေးရန်ဦးဆောင် ပြီး အုပ်ချုပ်ရေးမှူးနှင့်ရွာမိရွာဖအဖွဲ့ကိုချိတ်ဆက်ပြီးအလုပ်လုပ်ပါသည်။ ကျောင်းကော်မတီသည် စာသင်ကျောင်းဆောင်လိုအပ်ချက် ၊ ကျောင်းဆရာ/မ လုံလောက်မှုရှိမရှိစစ်ဆေးပြီး အုပ်ချုပ်ရေးမှူးနှင့်ပူးပေါင်းပြီး မြို့နယ်ပညာရေးမှူးရုံးသို့တင်ပြရပါသည်။ မီးကော်မတီသည် ကျေးရွာလျှပ်စစ်မီးရရန် ၊ ဓါတ်တိုင်လုံလောက်စွာမရရှိသောနေရာတွင်ရရှိရန်အုပ်ချုပ်ရေးမှူးမှတစ်ဆင့်အုပ်စုအုပ်ချုပ်ရေးမှူး နှင့် ချိတ်ဆက်ပြီး မြို့ို့နယ်လျှပ်စစ်ရုံးသို့တင်ပြပါသည်။ လူငယ်အဖွဲ့သည် ကျေးရွာရွာမိရွာဖအဖွဲ့နှင့်အုပ်ချုပ်ရေးအဖွဲ့ကိုချိတ်ဆက်ပြီး ဘာသာရေး ၊ သာရေးနာရေး နှင့် ရပ်ရွာလုပ်အားပေးကိုပူးပေါင်းဆောင် ရွက်ကြပါသည်။ လူထုဗဟိုပြုစီမံကိန်းအဖွဲ့ သည် စီမံကိန်းနှင့် စီမံကိန်းလုပ်ငန်းခွဲအောင်မြင်စွာအကောင် အထည်ဖော်နိုင်ရန်အတွက် မြို့နယ် လူ ထုဗဟိုပြုစီမံကိန်းရုံးနှင့်ချိတ်ဆက်ပြီးအလုပ်လုပ်ပါသည်။

မှတ်တမ်းတင်သူ -ဦးခင်မောင်တာရီ

## ရာသီခွင်ပြ ပြက္ခဒိန်



*ပါဝင်ဆွေးနွေးသူ - ကျား (၄၅) + မ (၅၂) = (၉၇) ဦး*

ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

လီပိုးကျေးရွာသည် ဆင်တောင်အုပ်စုတွင် ကုန်းအမြင့်ဆုံးနေရာတွင် ကျေးရွာတည်ရှိသောကြောင့် ရေရှားပါးဒဏ်ကိုအများဆုံးခံစားရပါသည်။ နှစ်တစ်နှစ်တွင် ရေရှားပါးသောလများမှာ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလ၊ မေလ နှင့် ဇွန်လ တို့ဖြစ်ပါသည်။ လီပိုးကျေးရွာသည် ဥစ္စာခေကြွယ်ဝမှုဇယားဖော်ပြချက်အရ နွမ်းပါးသောအုပ်စုသည် ချမ်းသာ နှင့် အလယ်အလတ်အုပ်စုများထက် အိမ်ထောင်စုများသောကြောင့် ရွာတွင်လုပ်ကိုင်စားသောက်သော လယ်ယာလုပ်ငန်းတစ်ခုသာအားမထားဘဲအလုပ်အကိုင်ရှိရာနေရာပြင်ပသို့တစ်နှစ်ပတ်လုံးသွားကြပါသည်။ ပြောင်းဖူးစိုက်ချိန်သည်မေလတွင်စိုက်ပျိုးကြပြီး စက်တင်ဘာလတွင် ရိတ်သိမ်းကြပါသည်။ စပါးသီးနှံကို ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများတွင် စိုက်ပျိုးကြပြီး နိုဝင်ဘာလ နှင့် ဒီဇင်ဘာလတွင် ရိတ်သိမ်းကြပါသည်။ ကျေးရွာ၏ဝင်ငွေကောင်းသောအချိန်သည် ပြောင်းဖူးသီးနှံရောင်းချိန်ဖြစ်သော စက်တင်ဘာလနှင့် စပါးသီးနှံရောင်းချိန်ဖြစ်သောနိုဝင်ဘာလ စသော နှစ်လတွင် သာဝင်ငွေကောင်းပါသည်။ ပွဲတော်ကျင်းပချိန်များမှာ ဖေဖော်ဝါရီလ နှင့် ဧပြီလတွင် မင်္ဂလာဆောင်ပွဲ နှင့် စက်တင်ဘာလတွင် ဘာသာရေးပွဲ နှင့် ဒီဇင်ဘာလတွင် ဆွေမျိုးစုပွဲနှင့် ခရစ်စမတ်ပွဲတော်ကိုကျင်းပကြပါသည်။ ကျေးရွာလမ်းများသည် အခြားအဖွဲ့အစည်းမြှပုလုပ်ပေးသော လမ်းများရှိသကဲ့သို့ ကျေးရွာလူထုကိုယ်တိုင် ကိုယ်ထူကိုယ်ထ ပြုလုပ်သောလမ်းများရှိသော်လည်း ကျန်လမ်းများသည် မြေသားလမ်းဖြစ်သောကြောင့် ကျေးရွာတွင်းတွင်သွားလာခက်ခဲသော လများရှိပါသည်။ ကျေးရွာတွင်းတွင်သွားလာရန် ခက်ခဲသောလများမှာ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ နှင့် အောက်တိုဘာလ စသည်တို့ဖြစ်ပါ သည်။ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားသောလများမှာ ဖေဖော်ဝါရီလ နှင့် ဇွန်လ ဖြစ်ပါသည်။ ဆေးဝါးကုသရန် ရွာတွင်းတွင်ဆေးခန်းရှိသော်လည်း ဆေးဝါးမလုံလောက်သောကြောင့် ရောဂါပြင်းထန်ပါက နန်းမယ်ခုံတိုက်နယ်ဆေးရုံသို့သွားတက်ရပါသည်။

မှတ်တမ်းတင်သူ -ဦးခင်မောင်တာရီ

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

| စဉ် | အမည် | ကျား/မ | ရာထူး |
|---|---|---|---|
| ၁ | ဦးနာတားလယ် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၂ | ဒေါ်စီစီးလျာ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၃ | ဦးဇိုဝါးနီ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်မေရီမိငယ် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၅ | ဦးအန်တောညို | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးပေါလူ | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဦးအာကွီစတီးနို | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်ထူးမေဖော | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဒေါ်အားနာ (ခ)မူကုတ် | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဦးမောင် | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊အဖွဲ့ဝင် |
| ၁၁ | မောင်သံလွင် | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊အဖွဲ့ဝင် |
| ၁၂ | ဦးငဲ | ကျား | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၃ | ဒေါ်အာနဲ့စတာ | မ | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၄ | ဦးပေတြူဒတ် | ကျား | ကျေးရွာစာရင်းကိုင် |
| ၁၅ | ဦးဖရန်စ္စကိုထိုက် | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်နာတားလျာ | မ | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၇ | ဒေါ်မယု | မ | ကျေးရွာစေတနာ့ဝန်ထမ်း |



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





## ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးကျော်ညို | 09.253089575 | |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား / မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဘော်တောင် | ကျေးရွာ ပိဝိုး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၃၅၉ | ဘာသာ (၁) ခရစ်ယာန် | ၃၆၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ကယန်း+ပအိုဝ် | ၂ | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၆ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 37 | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယန်း | ၁၀၄၀ | ၁၀၀၀ |
| လူမျိုးစု (၂) ကယန်း+ပအိုဝ် | ၁ | ၃ |
| လူမျိုးစု (၃) ကယန်း+ပဒေါင် | ၉ | ၁ |
| လူမျိုးစု (၄) ---------------------- | | |
| လူမျိုးစု (၅) ---------------------- | | |
| အိမ်ထောင်ဦးစီး | ၃၃၀ | ၃၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☑ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် မူလွန်ကျောင်း | | | မှတ်ချက် | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | | (၂) ကျန်းမာရေး | | | | (၃) လက်မှုပညာရှင် | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| | မူလတန်းပြဆရာ/မ | ☑ | ☑ | | ဆရာဝန် | ☐ | ☐ | | လက်သမား | ☐ | ☑ |
| | အထက်တန်းပြဆရာ/မ | ☐ | ☐ | | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | | ပန်းရံ | ☐ | ☑ |
| | အလယ်တန်းပြဆရာ/မ | ☐ | ☑ | | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☑ |
| | မူကြိုဆရာ/မ | ☑ | ☑ | | သားဖွားဆရာမ | ☑ | ☐ | | ရေပိုက်သွယ်သူ | ☐ | ☑ |
| | အခြား | ☐ | ☐ | | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် မူလွန်ဆရာမ | | | | မှတ်ချက် | | | | မှတ်ချက် | | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုပိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း ✓ | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်-၂၀၀၆/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ/မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်---၁---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၅ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်---၅ မိနစ်--------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) VDC (care)

(၂) -------------------------------

ကျေးရွာခေါင်းဆောင် — အမည်

လက်မှတ် — နေ့စွဲ ၂၃.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည်

လက်မှတ် — နေ့စွဲ ၂၃.၁၀.၂၀၁၇

## ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား  (PC-၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)**

*လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။*

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးခင်မောင်ထော်ရီ

နေ့စွဲ ၂၇.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄)

ပြည်နယ်/~~တိုင်း~~ ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဆင်တောင် | ကျေးရွာ ပါဂို

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၃.၁၀.၂၀၁၇ | ၂၃.၁၀.၂၀၁၇ | ၄၅ | ၅၂ | ၉၇ | ကယန်း ၉၇ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၃.၁၀.၂၀၁၇ | ၂၃.၁၀.၂၀၁၇ | ၄၅ | ၅၂ | ၉၇ | ကယန်း ၉၇ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၇.၁၀.၂၀၁၇ | ၂၈.၁၀.၂၀၁၇ | ၁၀ | ၁၂ | ၂၂ | ကယန်း ၄<br>ကယား ၉<br>ရှမ်း ၉ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၆.၁၂.၂၀၁၇ | ၆.၁၂.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

## ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်**။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးခင်မောင်ကျော် | | | |
| နေ့စွဲ ၂၃.၁၀.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/~~တိုင်း~~ ကယား | ဒီးမော့ဆို မြို့နယ် | ကျေးရွာအုပ်စု ဒေါအောင် | ကျေးရွာ လော်ပီ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မွေးရာပါ သောက်သုံးရေရှားပါးသော အခက်အခဲ | ၁ | စားဝတ်နေရေး အခက်အခဲ |
| ၂ | မိုးရာသီသွားလာရေး အခက်အခဲ | ၂ | မွေးရာပါ သောက်သုံးရေရှားပါးသော အခက်အခဲ |
| ၃ | ကျန်းမာရေး ဝန်ဆောင်မှု လက်လှမ်းမမီသော အခက်အခဲ | ၃ | ကျောင်းဆောင် ပုံလောက်မှု မရှိသော အခက်အခဲ |
| ၄ | ပုံမှန်အလုပ်အကိုင်မရှိသော အခက်အခဲ | ၄ | မိုးရာသီသွားလာရေး အခက်အခဲ |
| ၅ | ပညာရေး နိမ့်ကျသော အခက်အခဲ | ၅ | အလုပ်အကိုင်ပုံမှန်မရှိ အခက်အခဲ |
| ၆ | ဝင်ငွေနည်းသော အခက်အခဲ | ၆ | ဝင်ငွေနည်းသော အခက်အခဲ |
| | | ၇ | သက်ကြီးရွယ်အို စောင့်ရှောက်မှု အားနည်းသော အခက်အခဲ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | သောက်သုံးရေ ပြည့်လုံလာရမည် | ၁ | စားဝတ်နေရေး ပြည့်လုံလာရမည် |
| ၂ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာရမည် | ၂ | သောက်သုံးရေ ပြည့်လုံလာရမည် |
| ၃ | ကျန်းမာရေး ဝန်ဆောင်မှုများ ကောင်းမွန်လာရမည် | ၃ | ကျောင်းဆောင် ပုံလောက်မှု ရှိလာရမည် |
| ၄ | ပုံမှန်အလုပ်အကိုင်ရှိလာရမည် | ၄ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာရမည် |
| ၅ | ပညာရေး အဆင့်အတန်း မြင့်မားလာရမည် | ၅ | အလုပ်အကိုင်အခွင့်အလမ်း ပုံမှန်ရှိလာရမည် |
| ၆ | ဝင်ငွေ ကောင်းမွန်လာရမည် | ၆ | ဝင်ငွေ ကောင်းမွန်လာရမည် |
| | | ၇ | သက်ကြီးရွယ်အိုများ စောင့်ရှောက်မှု ပိုမိုကောင်းမွန်လာရမည် |

**ဂ။** လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စာသင်ကျောင်း တိုးချဲ့ခြင်း | အမျိုးသား+အမျိုးသမီး | | |
| ၂ | အဝီစိတွင်း | အမျိုးသား+အမျိုးသမီး | | |
| ၃ | ကျေးလက်ချောလမ်း | အမျိုးသား+အမျိုးသမီး | | |
| ၄ | ရေဝေးပေးစက် | အမျိုးသား+အမျိုးသမီး | | |
| ၅ | | | | |

**ဃ။** လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

( ၄)

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | [illegible] | အမျိုးသား | |
| ၂ | Work shop သင်တန်း | အမျိုးသား | |
| ၃ | [illegible] | အမျိုးသမီး | |
| ၄ | [illegible] | အမျိုးသမီး | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး [illegible] လက်မှတ် [signature] နေ့စွဲ ၂၃. ၁၀. ၂၀၁၇

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | စာသင်ကျောင်းတိုးချဲ့ | ☑ မ ☑ ကျား | | |
| | ၂ | အဝီစိတွင်း | ☑ မ ☑ ကျား | | |
| | ၃ | ကျောက်ချောလမ်း | ☑ မ ☑ ကျား | | |
| | ၄ | [illegible] | ☑ မ ☑ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | [illegible] | ☐ မ ☑ ကျား | | |
| | ၂ | Workshop သင်တန်း | ☐ မ ☑ ကျား | | |
| | ၃ | [illegible] | ☑ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

### ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကျေးရွာအစီအစဉ်ရေးဆွဲခြင်းအစည်းအဝေး

နေရာ - ဘုရားကျောင်း
အချိန် - မနက်(၉:၀၀)နာရီ မှ နေ့လည် (၁:၀၀)နာရီထိ
ရက်စွဲ - ၂၃.၁၀.၂၀၁၇
အစည်းအဝေးတက်ရောက်သူ ကျား (၄၅) ဦး ၊ မ (၅၂) ဦး

ကျေးရွာအစည်းအဝေးကို မနက်(၉:၀၀)နာရီတွင် တက်ရောက်သူစာရင်းကောက်ယူသည်။ (၉)နာရီ ခွဲတွင်အစည်းအဝေးကို စတင်ပါသည်။ အစည်းအဝေးမစတင်မီ အုပ်ချုပ်ရေးမှူး ဦးအန်တော ညို မှ စီမံကိန်းတစ်လျှောက်လုံး တက်တက်ကြွကြွပါဝင်ရန်တိုက်တွန်း အဖွင့်အမှာစကားပြောကြားခဲ့ပါ သည်။

လူထုဗဟိုပြုစီမံကိန်း၏ရည်ရွယ်ချက်များကို လူထုစည်းရုံးရေးမှူးမှ ရှင်းပြခဲ့ပါသည်။ ထို့နောက် စီမံကိန်းစက်ဝန်းအကြောင်းကိုပြန်လည် မေးမြန်းပြီး ရှင်းပြခဲ့ပါသည်။ စီမံကိန်းမိတ်ဆက် (၁၅) ချက်ကို လည်းပြန်လည်မေးမြန်းဆွေးနွေးပြီးရှင်းပြခဲ့ပါသည်။ ဖွဲ့စည်းထားသောကော်မတီများ၏ အပြောင်းအလဲ ရှိသောရာထူးများကို ပြန်လည်ဖွဲ့စည်းပြီးကျန်ကော်မတီများကို ပြန်လည်အတည်ပြုကြပါသည်။ ထို့ နောက်လူတိုင်းပါဝင်သောလူမှုဆန်းစစ်မှုရည်ရွယ်ချက်ကိုရှင်းပြပြီး ဒုတိယနှစ်စီမံကိန်းစက်ဝန်းတွင် ပြန် လည်မွမ်းမံရေးဆွဲထားသောကျေးရွာမြေပုံကိုအမှီပြုပြီး ထပ်မံတိုးတက်လာသောအိမ်ခြေအသစ်နှင့် လုပ်ငန်းခွဲများကိုလည်းမြေပုံပေါ်တွင် အမှတ်အသားပြုလုပ်ကြပါသည်။

ထို့နောက် အုပ်စု(၂) စုခွဲ၍ (ကျား၊ မ) ကျန်ရှိသော လူထုဆန်းစစ်မှုပုံစံများကို ဆက်လက်၍ အပြောင်းအလဲများပြုလုပ်ခြင်း၊ အတည်ပြုခြင်းများပြုလုပ်ပါသည်။ ဥပမာ- တိုးလာသောအိမ်ထောင်စု များရှိသဖြင့်ဥစ္စာဓနမှ အဆင့်သတ်မှတ်ခြင်း၌အပြောင်းအလဲရှိသည်။ ပင့်ကူအိမ်သုံးသပ်ခြင်းနှင့်၎င်းပုံစံ တွင်လည်းယခင်နှင့် မတူပြောင်းလဲလိုသောအချက်များထည့်သွင်းကြသည်။ ထိုသို့ပြင်ဆင်အတည်ပြု ပြီးနောက် ကျေးရွာလူထုများအားလုံးရှေ့တွင် ကော်မတီအချို့မှပြန်လည်တင်ပြကြပါသည်။ ကျေးရွာ အခက်အခဲပြဿနာများကို ထပ်မံဖော်ထုတ်ကြသည်။ အချက်အလက်သစ်ကိုဖလစ်ချပ်ပေါ်တွင်ထပ်မံ ဖြည့်စွက်ရေးသားသည်။ အလားတူပင် ယခင်နှစ်မှရေးသားမှတ်သားထားသော ကျေးရွာ မျှော်မှန်းချက် ကိုလည်းပြောင်းလဲသောအချို့အချက်အလက်သစ်များကိုလည်းဖြည့်စွက်သည်။ လုပ်ငန်းအစီအစဉ် အချက်အလက်သစ်များကိုလည်းပြန်လည်ဖြည့်စွက်ပြီး အဆင့်ပြန်လည်သတ်မှတ်ရွေးချယ်ကြပါသည်။

လူထုစည်းရုံးရေးမှူးမှ ကျေးရွာလူထုနှင့်ကော်မတီများကို စီမံကိန်းနှင့်ပတ်သက်ပြီး နားမလည် သည်ဖြစ်စေ ၊ မရှင်းသည်ဖြစ်စေ နှင့် မသိသည်ဖြစ်စေ မေးမြန်းနိုင်ပါသည်ကို ပြောကြားခဲ့ပါသည်။ ကျေးရွာလူထု နှင့် ကော်မတီများမှ မေးမြန်းလိုသည်များမရှိသေးပါဟု ပြန်လည်ဖြေကြားပါသည်။ ထို့နောက် စီထောက်ဥက္ကဌမှ အပိတ်စကားပြောကြားပြီးအစည်းအဝေးကို မွန်းလွဲ (၁:၀၀)နာရီတွင်ပိတ် သိမ်းပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ-ဦးခင်မောင်တာရီ

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Socila map/ Resources Map) | ၂၃-၁၀ ၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များ အားလုံး | ၄၅ | ၅၂ | ၉၇ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေ အနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၂၃-၁၀ ၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၄၅ | ၅၂ | ၉၇ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင် ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထု သဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ (Access Mapping) | ၂၃-၁၀ ၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၄၅ | ၅၂ | ၉၇ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အ ဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၂၃-၁၀ ၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၄၅ | ၅၂ | ၉၇ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိ သည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၂၃-၁၀ ၂၀၁၇ | ကျေးရွာအုပ်ချုပ် ရေးအဖွဲ့ ကျေးရွာ စီထောက်အဖွဲ့၊ ကျေးရွာလူထု | ၄၅ | ၅၂ | ၉၇ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်း များနှင့် မည်သို့သောလုပ်ငန်းများ အတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂၃-၁၀ ၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၄၅ | ၅၂ | ၉၇ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင် ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများးကာလ၊ ကျန်းမာရေးဆိုး ကာလ၊ ဝင်ငွေအကောင်းဆုံး ကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၇ | အခက်အခဲ/ပြဿနာ<br><br>(Problem) | ၂၃-၁၀<br>၂၀၁၇ | အမျိုးသမီး/သား၊<br>လူထုအားလုံး | ၄၅ | ၅၂ | ၉၇ | ငွေကြေးအရင်းအနှီးမရှိ၊<br>လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး<br>ရေလုံလောက်မှုမရှိ<br>ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊<br>ပညာရေး၊ စီးပွားရေး၊<br>စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာ<br>မျှော်မှန်းချက်များ<br><br>(Village visions) | ၂၃-၁၀<br>၂၀၁၇ | ကျေးရွာလူထု<br>အားလုံး | ၄၅ | ၅၂ | ၉၇ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊<br>ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊<br>ဘာသာရေး ပိုမိုကောင်းမွန်လာ၊<br>ကျေးရွာစည်းလုံးခြင်း<br>ပိုမိုကောင်းမွန်လာ၊<br>စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး<br>လုပ်ငန်းစဉ်များ<br>(Village Approve<br>Vision) | ၂၃-၁၀<br>၂၀၁၇ | ရွာလူထု အားလုံး | ၄၅ | ၅၂ | ၉၇ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊<br>ခန်းမဆောင်၊ ရေလှောင်ကန်၊<br>ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး<br>လုပ်ငန်းစဉ်များ<br><br>(Village Object<br>Vision) | ၂၃-၁၀<br>၂၀၁၇ | ရွာလူထု အားလုံး | ၄၅ | ၅၂ | ၉၇ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့်<br>သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊<br>ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊<br>အကျိုးခံစားခွင့် ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း<br>အကျဉ်းချုပ်<br><br>(Village History) | ၂၃-၁၀<br>၂၀၁၇ | အမျိုးသမီး/သား၊<br>လူထုအားလုံး | ၄၅ | ၅၂ | ၉၇ | ကျေးရွာစတင် တည်ထောင်သည့်<br>ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊<br>ဘာသာစသော ကျေးရွာသမိုင်း<br>အချက်အလက် အဆင့်ဆင့်များ ကို<br>ဖော်ထုတ်ခြင်း |